## သမတအိမ်တော်၊ ရန်ကုန်မြို့

## ၁၉၅၈ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးတချက်လွှတ်ဥပဒေ။

**[၁၉၅၈ ခုနှစ်၊ တချက်လွှတ်ဥပဒေအမှတ် ၂။]**

**၁၃၂၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်။**

**(၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်။)**

ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး တချက်လွှတ်ဥပဒေတရပ်ပြဋ္ဌာန်းစိမ့်သောငှါ ချက်ခြင်း အရေးယူဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စများပေါ်ပေါက်သည်ဟု နိုင်ငံတော် သမတကယူဆသောကြောင့်၊

နိုင်ငံတော်သမတသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၁၀၊ ပုဒ်မခွဲ (၁) အရ၊ အောက်ပါတချက်လွှတ်ဥပဒေကို ထုတ်ပြန်ကျေညာလိုက်သည်။

၁။ ။ ဤတချက်လွှတ်ဥပဒေကို **၁၉၅၈ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး တချက်လွှတ်ဥပဒေ**ဟုခေါ် တွင်စေရမည်။

၂။ ။ ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၁,၄၁,၇၄,၉၂,၀၀၀ (ဤတချက်လွှတ်ဥပဒေနောက် ဆက်တွဲဇယားတွင် ဖော်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၉ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၃။ ။ (၁)၊ ၁၉၅၉ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်အတွင်းတွင် စုစုပေါင်း ကျပ်ငွေ ၄,၀၀,၀၀,၀၀,၀၀၀ ထက်မပိုသောငွေများကို ဘဏ္ဍာရေးဝန်ကြီးသည်၊ အစိုးရငွေချေးစာချုပ် များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ ငွေချေးသောကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ် ၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များထား၍၎င်း အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ပါလီမန်၏အက်ဥပဒေများအရသော်၎င်း၊ နိုင်ငံတော်သမတကတရားဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်များအရသော်၎င်း ဖွဲ့စည်းထားသောအဖွဲ့များက၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်များက ဘဏ္ဍာရေးဝန်ကြီး၏ သဘောတူညီချက်ဖြင့် ချေးယူသည့်ငွေများကို ကျသင့်သော အတိုးနှင့်တကွ ပေးဆပ်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးက တာဝန်ခံနိုင်သည်။ သို့သော် ၁၉၅၉ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်အတွင်း၊ ထိုကဲ့သို့တာဝန်ခံသည့် ချေးငွေစုစုပေါင်းသည် ကျပ်ငွေ ၁၅ ကုဋေထက်မပိုစေရ။

(၃) ဤတချက်လွှတ်ဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များ တွင်ထည့်သွင်းရမည်။

Myanmar Law Information System (MLIS)

(၄) ဤတချက်လွှတ်ဥပဒေအရ ထုတ်ပေးသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သောငွေရင်းနှင့် အတိုး ကိုဂင်း၊ ထိုအာမခံစာချုပ်များ ထုတ်ပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကိုဂင်း ပြည် ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

## နောက်ဆက်တွဲဇယား

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။<br>ကျပ်။ |
|---|---|
| အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော် | ၄၈,၁၉,၀၀၀ |
| အမြတ်တော်ခွန် | ၂၀,၃၄,၀၀၀ |
| မြန်မာနိုင်ငံတော် အောင်ဘာလေသိန်းဆု | ၈,၅၁,၀၀၀ |
| မြေခွန်တော် | ၁,၀၁,၃၆,၀၀၀ |
| ယစ်မျိုး | ၂၇,၅၃,၀၀၀ |
| တံဆိပ်တော်ခေါင်းများနှင့် မှတ်ပုံတင်မှု | ၃,၅၇,၀၀၀ |
| သစ်တော | ၇၆,၂၃,၀၀၀ |
| အခြားအခွန်တော်များနှင့် အကောက်တော်များ | ၉,၇၈,၀၀၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ | ၁,၂၃,၆၆,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း | ၁,၈၃,၄၁,၀၀၀ |
| အတိုးနှင့်ကြွေးမြီ | ၂,၂၆,၉၀,၀၀၀ |
| ပါလီမန် | ၄၃,၁၁,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | ၃,၆၀,၁၃,၀၀၀ |
| စာရင်းစစ် | ၅၆,၄၇,၀၀၀ |
| တရားရေး | ၈၃,၁၅,၀၀၀ |

Myanmar Law Information System (MLIS)

| | |
|---|---|
| အကျဉ်းထောင်များ | ၈၁,၆၂,၀၀၀ |
| ရဲအဖွဲ့ | ၁၁,၀၄,၂၀,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များ | ၁,၃၉,၈၃,၀၀၀ |
| သာသနာရေးကိစ္စများ | ၃၂,၈၆,၀၀၀ |
| နိုင်ငံခြားရေး | ၇၂,၉၃,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ | ၅၃,၈၈,၀၀၀ |
| ပညာရေး | ၁၁,၄၉,၅၅,၀၀၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး | ၃,၆၇,၁၇,၀၀၀ |
| လယ်ယာစိုက်ပျိုးရေး၊တိရစ္ဆာန်ဆေးကုသရေး၊သမဝါယငွေစုငွေချေးလုပ်ငန်းနှင့်ငတ်မွတ်ခေါင်းပါးခြင်းကယ်ဆယ်ရေး | ၃,၃၅,၅၀,၀၀၀ |
| စက်မှုလက်မှုအလုပ်အကိုင်များ | ၁၄,၆၇,၀၀၀ |
| လေကြောင်းပျံသန်းသွားလာမှု | ၃၂,၇၂,၀၀၀ |
| အထွေထွေဌာနများ | ၃,၁၇,၈၄,၀၀၀ |
| ငွေစက္ကူ၊ ဒင်္ဂါးစသည်များနှင့်ဒင်္ဂါးသွန်းစက်ရုံ | ၅,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ | ၂,၆၉,၄၂,၀၀၀ |
| ပင်ရှင်လစာငွေများ | ၃,၃၁,၃၇,၀၀၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း | ၆၅,၀၇,၀၀၀ |
| အထွေထွေ | ၈၁,၇၄,၀၀၀ |
| ကာကွယ်ရေး | ၃၂,၅၀,၀၀,၀၀၀ |
| ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ | ၃,၆၇,၀၀,၀၀၀ |
| စစ်ကြောင့်ထွက်ခွါမသွားမီတင်ရှိသည့်ကြွေးမြီတာဝန်များ | ၁,၀၇,၀၀၀ |

Myanmar Law Information System (MLIS)

| | |
|---|---|
| အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော်အတွက်မ,တည်ငွေရင်း | ၂၂,၈၈,၀၀၀ |
| သစ်တောအတွက် မ,တည်ငွေရင်း ... ... | ၂၀,၀၀,၀၀၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း ... ... | ၆၃,၆၀,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်းအတွက် မ,တည်ငွေရင်း ... ... | ၅၃,၂၇,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှုအတွက် မ,တည်ငွေရင်း ... ... | ၂,၇၅,၀၀၀ |
| စာရင်းစစ်အတွက် မ,တည်ငွေရင်း ... ... | ၂၄,၀၀၀ |
| ရဲအဖွဲ့အတွက် မ,တည်ငွေရင်း ... ... ... | ၃,၀၀,၀၀,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များအတွက်မ,တည်ငွေရင်း ... | ၂၂,၈၀,၀၀၀ |
| နိုင်ငံခြားရေးအတွက် မ,တည်းငွေရင်း ... ... | ၂၈,၄၀,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများအတွက် မ,တည်ငွေရင်း ... | ၂,၇၅,၀၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း ... ... | ၆၂,၆၈,၀၀၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေးအတွက်မ,တည်ငွေရင်း ... | ၄၂,၄၃,၀၀၀ |
| လယ်ယာစိုက်ပျိုးရေး၊တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမငွေ စုငွေချေးလုပ်ငန်းနှင့် ငတ်မွတ်ခေါင်းပါးခြင်း ကယ်ဆယ်ရေး အတွက် မ,တည်ငွေရင်း ... ... ... ... | ၃၁,၅၀,၀၀၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း ... | ၄၄,၀၀,၀၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း ... ... | ၂၂,၀၃,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၂,၅၀,၀၀,၀၀၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်းအတွက် မ,တည်ငွေရင်း ... | ၅,၀၀,၀၀၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း ... | ၈,၅၀,၀၀,၀၀၀ |
| စက်မှုလက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း ... | ၂၇,၀၀,၀၀၀ |

Myanmar Law Information System (MLIS)

| | | |
|---|---|---|
| ငွေလုံးငွေရင်းအသုံးစရိတ်များအတွက်တိုင်းကော်မီတီများအသုံးပြုရန် | | ၄၀,၀၀,၀၀၀ |
| အထူးထောက်ပံ့ငွေများ | ... ... ... | |
| မ,တည်ငွေရင်းအတွက်ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ | ... | ၅၀,၀၀,၀၀၀ |
| အစိုးရလုပ်ငန်းများနှင့် ဒေသန္တရအာဏာပိုင်များသို့ချေးငွေများ | ... | ၂၂,၁၅,၉၆,၀၀၀ |
| အခြားအတိုးရသည့်ကြိုတင် ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင်ထုတ်ပေးငွေများ | ... ... ... | ၅,၇၁,၈၅,၀၀၀ |
| | ပေါင်း ... | ၁,၄၁,၇၄,၉၂,၀၀၀ |

ဦးဝင်းမောင်၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်။
(၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတ၏အတွင်းဝန်။
[အမှတ် ၆၀]

Myanmar Law Information System (MLIS)